http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

Dhamma Download မိသားစု

Dhammadownload.com မိသားစုနှင့် အလှူရှင်များမှ ဓမ္မဒါန လှူဒါန်းပါသည်

နတ်လူသာဓုခေါ်စေသော်

**အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

http://www.dhammadownload.com

DHAMMAVIJJALAYA
2545 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၄၇)

# သံဃာ့ခရီးသွား အမှားမလုပ်ပါစေနှင့်

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

http://www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# သံသရာခရီးသွား အမှားမလုပ်မိစေနှင့်

http://www.dhammadownload.com

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

http://www.dhammadownload.com

# ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များက ရေးကူးကာ စာမူများကို ဆရာတော်ကြီးထံပေးပို့ကြပါသည်။ ဆရာတော်ကြီး ကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်း လိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

http://www.dhammadownload.com

# အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ


- အဘိဓမ္မာ မြတ်ဒေသနာ(ပထမတွဲ)
- နိယျာနိကသာသနာနှင့် မြတ်ဒေသနာများ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ

http://www.dhammadownload.com

၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ
၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်

http://www.dhammadownload.com

# မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၉)ရက်၊ ရန်ကုန်တိုင်း၊ ဥက္ကံမြို့၊ ဘုရားကြီးကျောင်းစာသင်တိုက် (၄၉)ကြိမ်မြောက် ရွှေကျင်နိကာယဝိနယာဓိက ပရိယတ္တိစာမေးစာပြန် ပွဲတော်ကြီးနှင့် စပ်လျဉ်း၍ ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ညဉ့်ဦးယံဓမ္မသဘင် အခမ်းအနားဝယ် ဟောကြားအပ်သော **"သံသရာ ခရီးသွား အမှားမလုပ်မိစေနှင့်"** တရားဒေသနာတော်။

http://www.dhammadownload.com

# သံသရာခရီးသွား
# အမှားမလုပ်မိစေနှင့်

သံသရာခရီးသွားရင်း အမှားလုပ်မိတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်ပုံဒုက္ခရောက်ကြတယ်ဆိုတာ မှတ်သားပြီး အမှားမလုပ်မိအောင် သတိဆောင်ကြဖို့ပါပဲ။ သံသရာခရီးသွားနေတဲ့ ပုဂ္ဂိုလ်တိုင်းဟာ အမှားလုပ်မိတတ်ကြတယ်။ ဘာကြောင့် အမှားလုပ်မိသလဲဆိုရင် အမှားလုပ်မိခြင်းရဲ့ အကြောင်းတရားတွေထဲမှာ အမှန်တရားကို မသိတာက အဓိကပဲပေါ့။ အေး၊ "လုပ်သင့်တာနဲ့ မလုပ်သင့်တာ" ကို ခွဲခြားပြီး မသိဘူး။ ခွဲခြားမသိသည့်အတွက်ကြောင့် မလုပ်သင့်တာကို လုပ်မိခြင်း၊ လုပ်သင့်တာကျတော့ မလုပ်မိခြင်းဆိုတာ

http://www.dhammadownload.com



အကြောင်းတစ်ခုပဲ။ မသိလို့ အဆိုးကို အကောင်း ထင်ပြီးတော့ ရံဖန်ရံခါ လူတွေဟာ လုပ်မိတတ်တယ် ပေါ့။

## ကောင်းမှုနှင့် မကောင်းမှု

မှားမှားယွင်းယွင်း တစ်ခုခု လုပ်မိသွားပြီဆိုရင် ခံရတဲ့အကျိုးဆက်ဟာ သက်သာလှတယ်လို့ မရှိဘူး ပေါ့။ ဗုဒ္ဓမြတ်စွာရဲ့ လက်ထက်တော်အခါမှာ ကြုံတွေ့ ခဲ့ရတဲ့ ပုဂ္ဂိုလ်တွေရဲ့ အခြေအနေကို ဆင်ခြင် သုံးသပ် ပြီး ကိုယ့်ကိုယ်ကို သတိပေးထားဖို့ပါ။

ကောင်းတဲ့ အလုပ်၊ မကောင်းတဲ့ အလုပ်၊ ကောင်းမှု၊ မကောင်းမှု ဒီနှစ်ခုကို ဘာနဲ့စံပြုပြီးတော့ ခွဲရတုန်းလို့ဆိုတော့ မြတ်စွာဘုရားက "လုပ်ပြီးတဲ့ အခါမှာ ပူပန်နေရတဲ့အလုပ်"မျိုး။ ဩော်၊ လုပ်မိတာ မှားလေခြင်းလို့ စိတ်ထဲမှာ ပူပန်ရတဲ့ အလုပ်မျိုးဟာ "မကောင်းတဲ့အလုပ်" လို့ခေါ်တယ်။ အလုပ်တစ်ခုကို လုပ်မိပြီးတဲ့နောက်မှာ ဘယ်အလုပ်ပဲဖြစ်ဖြစ် အကျိုး

http://www.dhammadownload.com



ဆိုတာ ပေါ်လာတတ်တယ်။ result ဆိုတာ ရှိတယ်ပေါ့။ ဆိုပါစို့။ သရက်ပင်တစ်ပင်စိုက်ရင် သရက်သီးဆိုတာ သီးလာမှာပဲ။ ဒါ အကျိုးပေါ့နော်။ အေး၊ ကိုယ်လုပ်တဲ့ အလုပ်တစ်ခုဟာ စိတ်ထဲက တွေးတာပဲဖြစ်စေ၊ နှုတ်က ထုတ်ဖော်ပြောပြတာပဲဖြစ်စေ၊ ကိုယ်ထိလက်ရောက် လုပ်တာပဲဖြစ်စေ တစ်ခုခု လုပ်လိုက်လို့ရှိရင် ထိုလုပ်ရပ်ရဲ့ အကျိုးသက်ရောက်မှုက ပေါ်လာမှာပဲ။ အဲဒီလို ပေါ်လာတဲ့အခါ "ရလာတဲ့အကျိုးတရားကို ငိုငိုရီရီ ကြိတ်မှိတ်ပြီး ခံစားရမယ့်အလုပ်မျိုးဟာ မကောင်းတဲ့အလုပ်" တဲ့။ ဒီနှစ်ချက်နဲ့ မှတ်ရမယ်နော်။

ဒါ မြတ်စွာဘုရားဒေသနာတော်နဲ့ ပြောမယ်ဆိုရင် **"န တံ ကမ္မံ ကတံ သာဓု"** ဒီအလုပ်မျိုးဟာ မကောင်းဘူးတဲ့။ ဘယ်အလုပ်တုန်း၊ **"ယံ ကတွာ အနုတပ္ပတိ"** လုပ်ပြီးတဲ့နောက်မှာ ပူပန်နေရတယ်။ အဲဒီအလုပ်မျိုး ဘယ်တော့မှ မလုပ်မိစေနဲ့တဲ့။ ဒါ မှားယွင်းတဲ့ လုပ်ရပ်တစ်ခုပဲ။ **"ယဿ အဿုမုခေါ ရောဒံ"**။ **'အဿုမုခေါ'** ဆိုတာ မျက်ရည်စွဲနေတဲ့မျက်နှာ။ **'ရောဒံ'** ဆိုတာ

http://www.dhammadownload.com



တငိုငိုတယိုယိုနဲ့၊ **"ဝိပါကံ ပဋိသေဝတိ"** အဲဒီလုပ်ရပ်ရဲ့ အကျိုး ပေါ်လာပြီ ဆိုလို့ရှိရင် အကျိုးတရားကို ကြိတ်မှိတ်ပြီး ငိုကြွေးခံစားရတဲ့ လုပ်ရပ်မျိုးဟာ မကောင်းတဲ့လုပ်ရပ်ပဲတဲ့။ မြတ်စွာဘုရားက လူတိုင်း နားလည်အောင်လို့ မကောင်းမှုဆိုတာ ဒါခေါ်တာလို့ ဒီလိုရှင်းပြောတာနော်။

ကောင်းမှုဆိုတာကျတော့ ပြောင်းပြန်မှတ်ရမယ်။ "လုပ်မိတဲ့ကိစ္စတစ်ခုဟာ ဘယ်တော့မှ ပြန်ပြီး ငါလုပ်မိတာ မှားလေခြင်းလို့ နောင်တပူပန်မှုကို မဖြစ်စေဘူး ဆိုရင် ကောင်းတဲ့အလုပ် ကောင်းမှုပဲ"။ တစ်ခါ အကျိုး ပေါ်လာလို့ရှိရင်လည်းပဲ "ရရှိလာတဲ့ အကျိုးကို ဝမ်းမြောက်ဝမ်းသာ ပီတိသောမနဿနဲ့ ခံစားရပြီ ဆိုရင်လည်း ကောင်းတဲ့လုပ်ရပ်" လို့ ဒီလိုပြောတာ။ အဲဒီတော့ ကောင်းမှု၊ မကောင်းမှုကို သိရမယ်။ "သံသရာခရီးသွား အမှားကို မလုပ်မိစေနဲ့" ဆိုတာ မကောင်းတဲ့အမှုတွေ မလုပ်မိစေနဲ့လို့ ပြောလိုတာ။ အဲဒီအမှားကို လုပ်မိပြီဆိုလို့ရှိရင် ထိုအမှားက ပုံဖော်

http://www.dhammadownload.com



ပေးလိုက်တဲ့၊ ထိုအမှားကနေ ဖြစ်ပေါ်စေတဲ့အကျိုးဟာ အင်မတန်မှဆိုးဝါးတယ်ဆိုတာ ဝတ္ထုသာကေနဲ့ ကြည့်ရအောင်။

## ရှင်စက္ခုပါလ

သာဓကတွေ မြောက်မြားစွာရှိတဲ့အထဲက တစ်ခုစီထုတ်ပြီး ကြည့်ကြရအောင်။ သာဝတ္ထိပြည်က သူဌေးတစ်ယောက်၊ သူ့နာမည်က ‘ပါလ’ တဲ့။ အဲဒီ ‘ပါလ’ဆိုတဲ့သူဌေးဟာ မြတ်စွာဘုရားရဲ့တရားကို နာရတဲ့အခါ တရားကို သိပ်သဘောကျသွားတယ်။ “ဩော် ဒီတရားကို ပြည့်ပြည့်ဝဝ လိုက်နာကျင့်သုံးဖို့ဆိုတာ လူ့ဘောင်မှာနေလို့ မဖြစ်ဘူး၊ သာသနာ့ဘောင်ဝင်ပြီး ကျင့်မှသာလျှင် ပြည့်ပြည့်စုံစုံ ကျင့်နိုင်မှာ”လို့ဆိုပြီးတော့ သာသနာ့ဘောင် ဝင်လိုက်တယ်။ ဝင်လာပြီး တရားကျင့်တယ်ပေါ့။ တရားကျင့်တဲ့အခါ ဘာဖြစ်လာတုန်းဆိုရင် မျက်စိရောဂါရလာတယ်။ တစ်ဝါတွင်းလုံး မအိပ်မနေထိုင်ပြီး တရားကျင့်လိုက်တဲ့အခါ မျက်စိရောဂါ

http://www.dhammadownload.com



ရလာတယ်။ နောက်ဆုံးမှာ မျက်စိရောဂါက မသက်သာဘူး၊ တစ်စထက်တစ်စ ဆိုးလာပြီး ရဟန္တာဖြစ်တဲ့နေ့မှာ မျက်စိလည်း ကွယ်သွားတယ်၊ ရဟန္တာလည်း ဖြစ်တယ်၊ တစ်ပြိုင်နက်လိုဖြစ်တယ်။ စိတ်ထဲမှာစွဲကပ်နေတဲ့ ကိလေသာအာသဝေါတွေ အကုန်ချုပ်ငြိမ်းသွားသလို မျက်စိနှစ်ကွင်းကလဲ အလင်းမရဖြစ်သွားတယ်တဲ့။ အဲဒီလို ရဟန္တာဘဝရောက်လျက်သားနဲ့ ဘာဖြစ်လို့မျက်စိကွယ်ရတာတုန်းဆိုတော့ သံသရာမှာ ခရီးသွားတုန်းက အမှားလုပ်မိခဲ့လို့ပဲ။

## ဆေးဆရာဘဝ

တစ်ခုသောဘဝမှာ သူက ဆေးဆရာဖြစ်ခဲ့တယ်။ ဆေးဆရာဖြစ်တဲ့အခါ ဟိုဟိုဒီဒီ လှည့်လည်ပြီးတော့ ဆေးကုတာ။ အဲဒီလို ဆေးကုရင်း ကျေးရွာတစ်ရွာရောက်သွားတယ်။ မျက်စိအထူးကုအနေနဲ့ မျက်စိကုတယ်၊ မျက်စိရောဂါရှိတဲ့ ပုဂ္ဂိုလ်တွေ ဆေးကုပေးတယ်ဆိုတော့ အမျိုးသမီးတစ်ယောက် မျက်စိရောဂါ

http://www.dhammadownload.com



ဖြစ်နေတယ်။ အမျိုးသမီးရဲ့ မျက်စိရောဂါကို ကြည့်တယ်။ ကြည့်ပြီး ဆေးဖိုးဝါးခအတွက် စကားပြောတာပေါ့နော်။ "ဒီမျက်စိရောဂါကို ပျောက်အောင်ကုပေးမယ်၊ ပျောက်လို့ရှိရင် ဘယ်လောက်ပေးမလဲ" ပေါ့။

အဲဒီ မျက်စိရောဂါကလဲ ဆရာပေါင်းကို စုံနေပေမယ့် မသက်သာဘူး။ အဲဒီ ဆရာက အာမခံတယ်။ သူ ပျောက်အောင်ကုနိုင်တယ်၊ သို့သော် ပျောက်ရင် ဘာပေးမလဲပေါ့။ ငွေကြေးစကား ပြောကြတယ်။ စကားပြောတဲ့အခါ အဲဒီအမျိုးသမီးက "ဆရာရယ်၊ ငွေကြေးတော့ ပြောမနေပါနဲ့၊ ကျွန်မ မျက်စိရောဂါ ပျောက်အောင်ကုနိုင်ရင် ရှိတဲ့ပစ္စည်းတွေ အကုန်ပုံအပ်ပြီး လူကိုယ်တိုင် ကျွန်ခံပါ့မယ်" လို့ ပြောတယ်။

ကြည့်နော်၊ လူတွေက စကားကို အလွန်အကျွံ ပြောမိတတ်တယ်။ "နှုတ်လွန် ကျွန်ဖြစ်" ဆိုတာရှိတယ် မဟုတ်လား။ အေး၊ စကားပြောတဲ့အခါမှာ အင်မတန်မှ ဆင်ခြင်ပြီးပြောသင့်တယ်ပေါ့။ သူက ဒီလိုအလွန်အကျွံ ပြောလိုက်တော့ ဆရာကလည်း ကောင်းပြီဆိုပြီး အစွမ်း

http://www.dhammadownload.com



ထက်တဲ့မျက်စဉ်း ဖော်စပ်ပြီးတော့ အဲဒီအမျိုးသမီးကို မျက်စဉ်းခပ်ပေးလိုက်တယ်။ အများကြီး သက်သာသွားတယ်။ ပျောက်သလောက် ဖြစ်သွားတယ်။

အဲဒီအခါ စကားလွန်ထားသည့်အတွက်ကြောင့် အဲဒီအမျိုးသမီး သူ့စကားအတိုင်းဆို ရှိတဲ့ပစ္စည်းတွေ ပုံအပ်ပြီး သူကိုယ်တိုင် ကျွန်ဖြစ်တော့မယ်။ စကားက ကျွံနေပြီ။ စကားကျွံရင် နှုတ်လို့မရဘူး၊ အဲဒီမှာ ဆရာက လာပြီးတော့မေးတယ်။ "ဘယ့်နှယ်လဲ၊ မျက်စိရောဂါ သက်သာသလား" လို့ဆိုတော့ "ဆရာရယ်၊ အရင်တုန်းက နည်းနည်းကျိန်းတာ၊ အခု ဆရာဆေးခပ်လိုက်မှ ပိုကျိန်းသွားတယ်" သူကလဲ လိမ်တာပဲလေ။ မျက်စိပိုကျိန်းချင်ယောင်ဆောင်တယ်။ ဟိုဆရာကလဲ သိတယ်။ သူ့ဆေး အစွမ်းထက်တယ်၊ မျက်စိရောဂါ သက်သာတယ်ဆိုတာ သိတယ်။

အဲဒီအခါမှာ သူ ဘာအများ လုပ်လိုက်သလဲ၊ တကယ်ကတော့ မျက်စိရောဂါ ပျောက်အောင်ပဲ စေတနာထားရမှာ၊ မထားဘူး၊ စိတ်ဆိုးစိတ်မိုက်က

http://www.dhammadownload.com



ဝင်လာတယ်။ အေး၊ သူပေးမယ့် ဆေးဖိုးဝါးခလဲ ငါ မယူချင်ဘူး၊ အဲဒီအမျိုးသမီးတော့ သိစေမယ်၊ မျက်စိကန်းအောင်လုပ်မယ် ဆိုတဲ့အတွေး ဝင်သွားတယ်။ အဲဒါကို **"ပဒုဋ္ဌစိတ်"** လို့ခေါ်တယ်။ မုန်းတီးတဲ့စိတ်နဲ့ အမှားတစ်ခုကို သူလုပ်မိလိုက်တယ်။

ဘာလုပ်လဲဆိုရင် မျက်စိကန်းစေတဲ့ဆေးကို ဖော်စပ်ပြီးတဲ့အခါ အိမ်ပြန်ပြီး သူ့အိမ်ရှင်မကို တိုင်ပင်သေးတယ်။ ငါ့ကို ဆေးဖိုးဝါးခ မပေးချင်လို့လိမ်တာ၊ ကဲ သိစေမယ်ပေါ့။ ရောဂါသည်ထံသွားပြီး မသက်သာရင် ဒါလေး ပြောင်းခပ်ကြည့်ပါဆိုပြီး သူကိုယ်တိုင် ခပ်ပေးတာ။

ဆေးလဲခပ်လိုက်ရော မျက်လုံးဟာ ဖူးဖူး ယောင်ယောင်ဖြစ်ပြီး နောက်ဆုံး မျက်စိကွယ်သွားတဲ့ အထိကို ရောက်သွားတယ်။ အဲဒါ သံသရာတွင်းမှာ အမှားတစ်ခု လုပ်လိုက်တာပဲ။ အဲဒီအမှား လုပ်မိသည့် အတွက်ကြောင့် ဆေးသမားဘဝက သေတဲ့အခါ

http://www.dhammadownload.com



ငရဲကျပြီး ဘဝအကြိမ်ကြိမ်မှာ မျက်စိကွယ်ခဲ့ရတယ်တဲ့။ ဩော်၊ အခုခေတ်မှာလည်း မျက်စေ့ကွယ်တဲ့သူတွေ မရှိဘူးလား။ သံသရာတုန်းက တစ်ခုခု အမှားလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ ပါကောင်းပါလိမ့်မယ်နော်။

သံသရာကျင်လည်နေတဲ့ အချိန်လေးမှာ ဘာမှ တန်ဖိုးမရှိတဲ့ ဆေးဖိုးဝါးခလေး အကြောင်းပြုပြီးတော့ အမှားတစ်ခုကို သွားလုပ်လိုက်တယ်။ ရဟန္တာဖြစ်တဲ့ ဘဝတောင်မှ မျက်စေ့နှစ်ကွင်း အလင်းမရတဲ့ ဒုက္ခိတ ဖြစ်မသွားဘူးလား။ ဒါကြောင့်မို့လို့ သံသရာခရီး သွားနေတဲ့အချိန်မှာ အမှားမလုပ်မိစေနဲ့၊ အမှား လုပ်မိလို့ရှိရင် နိဗ္ဗာန်ဝင်ရတာတောင် မျက်စေ့မပါဘဲနဲ့ ဝင်ရတဲ့ကိန်း ရောက်နေပြီ၊ ဟုတ်ကဲ့လား။

အဲဒါကြောင့် ဒီလိုအမှားမျိုးကို မလုပ်မိစေရဘူး။ ငွေကြေးရတာက ဘယ်လောက်မှတန်ဖိုးမရှိဘူး၊ မရ တာလည်း ဘယ်လောက်မှ တန်ဖိုးလျော့မသွားဘူး။ ကိုယ်လုပ်လိုက်တဲ့ လုပ်ရပ်ကြောင့် ဟိုတစ်ဖက်သားက မျက်စေ့ကွယ်သွားတာ တစ်ခါပဲကွယ်တယ်။ ကိုယ့်ရဲ့

http://www.dhammadownload.com



စေတနာဆိုးက အကျိုးပေးတာ ရဟန္တာဖြစ်မယ့်ဘဝ ထိအောင် ဘဝတိုင်း ဘဝတိုင်းလို မျက်စေ့ ကွယ်ခဲ့ရ တယ်။

ဒီနေရာမှာ တရားချစ်ခင် သူတော်စင် ပရိသတ် တို့ဟာ စဉ်းစားမိလိမ့်မယ်။ သူ့မျက်လုံးတစ်လုံးပဲ ကန်းအောင် လုပ်ခဲ့တာ၊ ကိုယ့်ကျတော့ ဘာကြောင့် အကြိမ်ကြိမ် ကန်းရတုန်းလို့။ စေတနာစွမ်းအား တွေက နည်းတာမဟုတ်ဘူး။ ဒီအမျိုးသမီး မျက်စေ့ ကွယ်အောင်လုပ်မယ်ဆိုတဲ့ အတွေးတွေက ရှေ့ပိုင်းမှာ သိန်းသန်းကုဋေထိအောင် စေတနာဆိုးတွေ ပေါ်ခဲ့ တယ်။ နောက်ဆုံးမှာ အိမ်ပြန်တိုင်ပင်ပြီးတော့ ဒီ မျက်စေ့ကွယ်တဲ့ဆေးကို ဖော်စပ်ပြီးတော့ ကိုယ်ကိုယ် တိုင် ခပ်ပေးခဲ့တယ်ဆိုတဲ့ ဒီစေတနာလုပ်ရပ်ဟာ နည်း တာမှ မဟုတ်ဘဲကိုး။

ဆိုပါစို့။ သရက်စေ့လေး တစ်စေ့ကို စိုက်လိုက် တာ အပင်ဖြစ်လာတဲ့အခါကျတော့ သရက်သီးက ထောင်သောင်းမကသီးတာ မဟုတ်လား။ အဲဒါမျိုးလိုပဲ

http://www.dhammadownload.com



ကိုယ့်လုပ်ရပ်ကလေးဟာ တစ်ခုပဲဖြစ်စေ စေတနာ တွေက မြောက်မြားစွာ ဖြစ်သည့်အတွက်ကြောင့် စေတနာတစ်ခု အကျိုးတစ်ခု ပေးတာ၊ စေတနာ တစ်ခုကြောင့် ငရဲကျတယ်။ နောက်စေတနာ တစ်ခု ကြောင့် မျက်စေ့ကွယ်ရတယ်ဆိုတော့ မျက်စေ့ပေါင်း မြောက်မြားစွာ ကွယ်ရတယ်ဆိုတဲ့အကျိုး ခံစားရတယ် ပေါ့။ အေး၊ ဒါကြောင့်မို့ သံသရာခရီးသွားနေတဲ့ အချိန်မှာ အမှားမလုပ်မိစေဖို့ သတိထားကြရမယ်။

အကယ်၍ မေတ္တာထားလိုက်မယ်ဆိုရင် ရဟန္တာ ဖြစ်တဲ့ဘဝမှာ မျက်စေ့ကွယ်ဖို့အကြောင်း မရှိတော့ဘူး ပေါ့။ ဒါကြောင့်မို့ ဒီလိုအမှားမျိုး မလုပ်မိစေဖို့၊ အမှား လုပ်တယ်ဆိုတဲ့နေရာမှာ အခုဟာက ဒေါသစိတ်နဲ့ အမှားလုပ်တာနော်။ ဒေါသစိတ်နဲ့ အမှားလုပ်သလို နောက် ဒေါသတစ်မျိုးက ကြောက်တယ်ဆိုတဲ့ ဟာလည်းပဲ အမှားပဲ။ ကြောက်လို့ လုပ်တာပဲဖြစ်စေ၊ မနာလိုလို့ လုပ်တာပဲဖြစ်စေ ဒီစိတ်ရဲ့အခြေအနေတွေ ဟာ အမှားလုပ်မိစေတတ်တယ်၊ ချစ်ရင်လည်း အမှား

http://www.dhammadownload.com



လုပ်မိတတ်တယ်၊ မုန်းရင်လည်းပဲ အမှားလုပ်မိတတ်တယ်၊ မသိရင်လည်း အမှားလုပ်မိတတ်တယ်ပေါ့။

ဆိုလိုတာကတော့ အဂတိ(၄)ပါးလို့ ဆိုလိုတာပေါ့နော်။ ဆန္ဒ- ချစ်ခင်ခြင်းကြောင့်လည်း မှားမှားယွင်းယွင်းလုပ်တတ်တယ်။ ဒေါသ-မုန်းတီးခြင်းကြောင့်လည်း အမှားလုပ်မိတတ်တယ်။ မောဟ - အမှန်မသိခြင်း၊ တွေဝေခြင်းကြောင့်လည်း အမှားလုပ်မိတတ်တယ်တဲ့။ ဘယ- ကြောက်ခြင်းကြောင့်လည်း အမှားလုပ်မိတတ်တယ်တဲ့။

## သာမာဝတီမိဖုရား

ကဲ၊ နောက်တစ်ခုကိုကြည့်ဦး။ သံသရာခရီးသွားနေတဲ့အချိန်မှာ အမှားအယွင်းတွေ လုပ်မိတာသာမာဝတီ။ ဥတေနမင်းကြီးရဲ့ မိဖုရား သာမာဝတီဆိုတာရှိတယ်။ ကောသမ္ဗီပြည်က ဥတေနမင်းကြီးမှာ သာမာဝတီဆိုတဲ့ မိဖုရားရယ်၊ ဝါသုလဒတ္တာဆိုတဲ့ မိဖုရားရယ်၊ မာဂဏ္ဍီဆိုတဲ့ မိဖုရားရယ်၊ မိဖုရား(၃)ဦး

http://www.dhammadownload.com



ရှိတယ်။ အဲဒီထဲမယ် သာမာဝတီဆိုတဲ့ မိဖုရားဟာ နန်းပြသာဒ်ကြီးတစ်ခုလုံး မီးလောင်ပြီး အခြံအရံ (၅၀၀)နှင့်အတူတကွ သေဆုံးသွားတယ်။ ခုခေတ်လို ပြောမယ်ဆိုရင် ဒါ အသေဆိုးနဲ့သေသွားတယ်ပေါ့။ သူတို့နေတဲ့ စံနန်းဟာ မီးလောင်ကျွမ်းသွားတယ်။ လူ(၅၀၀) မီးလောင်လို့ သေသွားတယ်ဆိုတာ နည်းတာမှ မဟုတ်ဘဲနော်။ တစ်ယောက်တစ်လေ သေတာ မဟုတ်ဘူး။ အိမ်မီးလောင်တာနဲ့ တစ်ခါတည်း သာမာဝတီ အမှူးရှိတဲ့ မိဖုရား(၅၀၀)လုံးဟာ မီးလောင်ပြီး သေဆုံးသွားကြရတာ။

အဲဒီလို မီးလောင်ပြီး ဘာကြောင့်သေရတာတုန်း။ မျက်မြင်အားဖြင့် ပြောမယ်ဆိုရင် မကောင်းကြံတဲ့ မာဂဏ္ဍီမိဖုရားက မီးရှို့လို့ မီးလောင်ခံရတယ်။ အပြင်မှာတော့ အဲဒီလိုပဲ မြင်ကြရမယ်ပေါ့။ သို့သော် မဟုတ်ဘူး။ သာမာဝတီမိဖုရား မီးလောင်လို့သေရတာ သံသရာခရီးသွားတဲ့အချိန် သူ အမှားတစ်ခု လုပ်ခဲ့တယ်။ ဘာတွေလုပ်မိတုန်းဆိုတော့ ဒီလိုပါ။

http://www.dhammadownload.com



ဘဝတစ်ခုမှာ သူက ဘုရင်ရဲ့ မိဖုရားတစ်ဦးပဲ။ ရှံရွှေတော်နဲ့အတူ မြစ်ဆိပ်ကိုဆင်းပြီး ရေချိုးလေ့ရှိတယ်ပေါ့နော်။ အဲဒီလို မြစ်ဆိပ်ကိုဆင်းပြီး ရေချိုးတဲ့အချိန် ဘုရင့်နန်းတော်ကို နေ့စဉ်ဆွမ်းခံကြွလေ့ရှိတဲ့ ပစ္စေကဗုဒ္ဓါ(၈)ပါးရှိတယ်။ အဲဒီနေ့မှာ ပစ္စေကဗုဒ္ဓါ(၇)ပါးကတော့ ဂန္ဓမာဒနတောင်ကို ပြန်ကြွသွားတယ်။ တစ်ပါးကတော့ အဲဒီမြစ်ကမ်းနားက ချုံပုတ်တစ်ခုအောက်မှာထိုင်ပြီး သမာပတ်ဝင်စားနေတယ်။ လူမမြင်သူမမြင် ချုံအောက်မှာထိုင်ပြီး သမာပတ်ဝင်စားနေတယ်။

အဲဒီအချိန်မှာ သာမာဝတီအလောင်းဖြစ်တဲ့ မိဖုရားနဲ့ မောင်းမမိသံ(၅၀၀)တို့ ရေချိုးကြတယ်။ အားရပါးရ ရေချိုးပြီး ချမ်းတဲ့အခါ ဘာလုပ်ချင်တုန်းဆိုရင် မီးလှုံချင်တာပေါ့။ မီးလှုံချင်တော့ ခုနက ပစ္စေကဗုဒ္ဓါ ထိုင်နေတဲ့ ချုံပုတ်ဆီသွားကြတယ်။ ပစ္စေကဗုဒ္ဓါထိုင်နေမှန်း မသိဘူး။ မီးလှုံလို့ရမှာပဲဆိုပြီး ချုံပုတ်ကြီးကို မီးတိုက်လိုက်ကြတယ်။ ချုံပုတ်ကြီး မီးတိုက်လိုက်လို့

http://www.dhammadownload.com



မီးတွေလောင် ပြာကျသွားတယ်။ ပစ္စေကဗုဒ္ဓါကတော့ နိရောဓသမာပတ် ဝင်စားနေတာဆိုတော့ ဘာမှမဖြစ်ဘူး။ သမာဓိ စွမ်းအားကြောင့် ပစ္စေကဗုဒ္ဓါကို မီးမလောင်ဘူး။ သို့သော် ချုံပုတ်ကြီး မီးလောင်သွားတဲ့အခါ ကိုယ်တော်ကြီးက ငုတ်တုတ်ပေါ်လာတယ်။ "ဟော့တော့ ဒို့အိမ် ဆွမ်းခံကြွတဲ့ ပစ္စေကဗုဒ္ဓါကြီးပဲ၊ ဘုရင်ကြီးသိရင် ဒို့ကိုသတ်တော့မှာပဲ"။ သူတို့စိတ်ထဲမှာ ပစ္စေကဗုဒ္ဓါ မီးလောင်သေသွားပြီလို့ ထင်တာပေါ့။

အစက မသိလို့ မီးရှို့မိတာ။ ဒါက အကုသိုလ်မဖြစ်ဘူး။ သူတို့ရဲ့ ရည်ရွယ်ချက်က ဘာတုန်းဆိုတော့ မီးလှုံချင်လို့ ချုံကိုမီးရှို့တာ။ အဲ ပစ္စေကဗုဒ္ဓါ ပေါ်လာတဲ့အခါကျတော့ "ဟာ၊ ဒို့အစဖျောက်မှပဲ၊ ဒို့လုပ်ထားတဲ့ အလုပ် အစဖျောက်မှပဲ"ဆိုပြီး အနီးအနားမှာရှိတဲ့ ထင်းတွေ၊ သစ်ကိုင်းတွေ ချိုးကြတယ်ပေါ့။ ထင်းခြောက်တွေ အကုန်စု၊ ပစ္စေကဗုဒ္ဓါကြီးကို ဝိုင်းပြီး ထင်းတွေပုံ၊ ပုံပြီးပြီဆိုတဲ့အခါ "ကဲ၊ အစဖျောက်အောင် မီးတိုက်

http://www.dhammadownload.com



မယ်"။ အဲဒါကျတော့ အကုသိုလ် ဖြစ်သွားပြီ။ အမှား လုပ်လိုက်တာ။

အကယ်၍ သူတို့ မတော်တဆ ဖြစ်စဉ်တုန်းက ဆက်ပြီး အမှားမလုပ်ဘဲနဲ့ ပစ္စေကဗုဒ္ဓါကို ရှိခိုး တောင်းပန်၊ မသိလို့လုပ်မိတာပါလို့ဆိုရင် ပစ္စေကဗုဒ္ဓါ လည်း ပရိနိဗ္ဗာန်စံတာမှ မဟုတ်ဘဲ၊ သမာဓိစွမ်းအား ကြောင့် မီးမလောင်တာပဲဖြစ်တယ်။ အချိန်တန်ရင် ပြန်ကြွသွားမှာနော်။

သူတို့ မီးနဲ့အကြိမ်ကြိမ်တိုက်လည်းပဲ ဒီကိုယ်တော် ပျံလွန်တော်မူမှာမှ မဟုတ်တာ။ အဲဒါကို မသိလို့ အစပျောက်အောင် ထင်းတွေနဲ့ပုံပြီးတော့ မီးဝိုင်းရှို့ကြ တာ။ မီးဝိုင်းရှို့ပြီးတော့ ကဲ၊ မီးကျွမ်းလောက်ပြီ ဆိုပြီး တော့ နန်းတော်ပြန်သွားကြတာ။ ပစ္စေကဗုဒ္ဓါက ပြာတွေ ဖုတ်ဖက်ခါထပြီးတော့ နောက်ရက်ကျ ဆွမ်းစားကြွလာတယ်။

သူတို့ရဲ့ စေတနာဆိုးနဲ့လုပ်ရပ်ကြောင့် ပစ္စေကဗုဒ္ဓါ ပရိနိဗ္ဗာန် စံမသွားသော်လည်းပဲ စေတနာနဲ့ မီးတိုက်ခဲ့

http://www.dhammadownload.com



သည့်အတွက်ကြောင့် သာမာဝတီအမှူးရှိတဲ့ မိဖုရား တွေဟာ အဲဒီဘဝက သေတဲ့အခါ ငရဲရောက်၊ ဖြစ်လေ ရာ ဘဝမှာ သူတို့က မီးလောင်ပြီးတော့ သေရတယ်။

ဩော် ခုခေတ်လည်းပဲ ဘုရားရှိလို့ ဘုရားကို မေးလျှောက်ကြည့်ရင် အသေဆိုးနဲ့သေတဲ့ ပုဂ္ဂိုလ်တွေ ဟာ သံသရာခရီးသွားရင်းက အမှားလုပ်ခဲ့တဲ့ ပုဂ္ဂိုလ် တွေ ဖြစ်နိုင်တယ်။ လူတိုင်း အသေဆိုးနဲ့သေတာမှ မဟုတ်ဘဲကိုး။ တချို့ လွတ်လာတာတွေ အများကြီး ရှိတာပဲ။ အေး၊ ဒါကြောင့်မို့လို့ သံသရာခရီးသွားနေတဲ့ အချိန်မှာ အမှားမလုပ်မိစေနဲ့လို့ ဒီလိုပြောတာ။

## ခုဇ္ဇုတ္တရာ

ကဲ၊ နောက်တစ်ခု ကြည့်ကြဦး။ အမှားတစ်ခု လုပ်တယ်ဆိုတာ ရယ်စရာအနေနဲ့လည်း သွားမလုပ် လေနဲ့။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေကို သွားပြီး ရယ်စရာ လုပ်မိလို့ရှိရင် ဆိုးကျိုးတွေ ရောက်လာတတ်တယ်။ **သာမာဝတီ** ရဲ့ အလုပ်အကျွေးထဲမှာ **ခုဇ္ဇုတ္တရာ**

http://www.dhammadownload.com



**(စုဏ္ဏ+ဥတ္တရာ)** သူ့နာမည်ကတော့ **ဥတ္တရာ**။ သို့သော် ခါးလေးကုန်းနေလို့ သူ့ကို **ခုဇ္ဇုတ္တရာ** လို့ခေါ်တယ်။ **ခုဇ္ဇုတ္တရာ** ဆိုတာ အလွန်ပညာထက်တယ်၊ ပိဋကတ် သုံးပုံထဲမှာ **ဣတိဝုတ္တက** ဆိုတဲ့ကျမ်းရှိတယ်။ အဲဒီ ကျမ်းဟာ **ခုဇ္ဇုတ္တရာ** နေ့စဉ် ဘုရားဆီသွား တရားနာ၊ နာပြီးရင် သာမာဝတီတို့ကို ပြန်ဟောတဲ့တရားပဲ။ အဲဒါကို **ဣတိဝုတ္တက** ကျမ်းလို့ ခေါ်တယ်။ **ခုဇ္ဇုတ္တရာ** က ဘာဖြစ်လို့ ကျွန်မ,ဖြစ်သလဲ၊ ဘာဖြစ်လို့ ခါးကုန်းရ သလဲ၊ ကြည့်နော်။ သံသရာခရီးသွားနေတဲ့အချိန်မှာ သူဘာအမှားလုပ်ခဲ့သလဲ။

တစ်ချိန်က သူတို့နန်းတော်ကို **ပစ္စေကဗုဒ္ဓါ** တွေ ကြွကြွပြီးတော့ လာကြတယ်။ အဲဒီအထဲမှာ **ပစ္စေကဗုဒ္ဓါ** တစ်ဆူက ခါးလေးနဲနဲကုန်းနေတယ်။ **ခုဇ္ဇုတ္တရာ** အလောင်းက ရွှေခွက်လေးကိုပွေ့ပြီး ဝတ်ရုံလေးကို အပေါ်ကခြုံလို့ "တို့ **ပစ္စေကဗုဒ္ဓါ** က ဟောလိုလေး ကြွတာ" ဆိုပြီးတော့ ခါးလေးကုန်းပြီး သွားပြတယ်။ ရယ်စရာလုပ်တာနော်။ အဲဒီ ရယ်စရာလုပ်ခဲ့တဲ့ အမှား

http://www.dhammadownload.com



လုပ်ရပ်ကြောင့် ဖြစ်လေရာ ဖြစ်လေရာဘဝမှာ ခါးကုန်းမကြီး ဖြစ်နေတယ်။ ကြည့်၊ ဒါကြောင့်မို့ သံသရာသွား အမှားမလုပ်မိစေနဲ့တဲ့။

ဘာဖြစ်လို့ ကျွန်မ ဖြစ်ရတာတုန်းဆိုတော့ တစ်ခုသော ဘဝမှာ သူက သူဌေးသမီး ဖြစ်တယ်။ အဲဒီခေတ်က ဘုရားတစ်ဆူရဲ့လက်ထက်ဆိုတော့ ဘိက္ခုနီမတွေရှိတယ်။ ရဟန္တာဘိက္ခုနီမတွေက သူ့အိမ်လာလည်ကြတယ်။ သူဌေးသမီးနဲ့ရင်းနှီးတဲ့ ရဟန္တာဘိက္ခုနီမတွေ အိမ်ကို အလည်အပတ်လာတဲ့အခါ သူဌေးသမီးက သနပ်ခါးလိမ်းနေတယ်ပေါ့နော်။ သနပ်ခါးလိမ်းနေတော့ တစ်ခုခုလိုချင်တယ်၊ အနားမှာ ခိုင်းစရာလူ မရှိတော့ အဲဒီ ဘိက္ခုနီမကို သူခိုင်းမိတယ်။

အခုခေတ်လည်း လူတွေ ပြောတတ်တယ်၊ "မရိုမသေ ဒါလေး လုပ်ပေးစမ်းပါ"။ မရိုမသေလို့ ဆိုကတည်းက ရိုသေတာ မဟုတ်ဘူး။ လူတွေက ထင်တယ်၊ မရိုမသေလို့ ပြောလိုက်ရင် အပြစ်မဖြစ်ဘူးလို့ ထင်နေတယ်။ မဟုတ်ဘူးနော်၊ သူပြောတာကိုက

http://www.dhammadownload.com



မရှိမသေလို့ပြောလိုက်တာကိုး။ “အရှင်မရေ အနားမှာ ဘယ်သူမှမရှိလို့ ရေလေးတစ်ခွက် မရှိမသေ ယူပေးစမ်းပါ”လို့ ခိုင်းတယ်။ အဲဒီမှာ ရဟန္တာ ဘိက္ခုနီမက သိပြီ၊ ငါယူမပေးရင် သူစိတ်ဆိုးလိမ့်မယ်၊ စိတ်ဆိုးရင် ငရဲကျမယ်။ ငါယူပေးလို့ရှိရင် သူ ဘာဖြစ်မလဲ၊ ကျွန်ဖြစ်မယ်။ အေး၊ ကျွန်ဖြစ်တာက ငရဲထက်စာရင်တော့ သက်သာသေးတယ် ဆိုပြီးတော့ ဘိက္ခုနီမက ယူပေးလိုက်တယ်။

ယူမပေးရင် သူက စိတ်ဆိုးဦးမှာလေ။ အိမ်တောင်နောက်အလာခံချင်မှ ခံမယ်၊ ဟုတ်ကဲ့လား။ အဲဒါ သတိထား။ သီလရှင် ဆရာလေးတွေ အိမ်လာရင် “ဆရာလေး၊ ဒါလေးလုပ်ပေးစမ်းပါ”လို့ သွားမခိုင်းလေနဲ့နော်။ မရှိမသေဆိုပြီး ခိုင်းတတ်ကြတယ်။ လူတွေက မရှိမသေခိုင်းတယ် ဆိုကတည်းက ရှိမှမရှိသေတာပဲ။ အေး ကောင်းပြီ၊ အဲဒီလို ခိုင်းလိုက်တာကို အကြောင်းပြုပြီးတော့ တစ်ခါခိုင်းလိုက်မိတာနဲ့ ဖြစ်လေ

http://www.dhammadownload.com



ရာ ဖြစ်လေရာဘဝမှာ သူများအခိုင်းခံကျွန်မ ဖြစ်တယ်တဲ့။

ဒါကြောင့်မို့လို့ သံသရာခရီးသွားတဲ့ အချိန်မှာ အမှားမလုပ်မိစေနဲ့လို့ပြောတာ။ အဲဒါ သတိထား။ မြန်မာတွေ ခိုင်းတတ်တယ်နော်။ "ကန်တော့ပါရဲ့"ဆိုပြီး တော့လဲခိုင်းတယ်၊ ပါးစပ်ကဆိုတာ၊ အဟုတ်လည်း ကန်တော့တာ မဟုတ်ဘူးနော်။ အေး၊ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးကို ခိုင်းမိပြီဆိုလို့ရှိရင် အဲဒီလိုဒုက္ခရောက် တတ်တယ်။ ရယ်စရာအနေနဲ့တောင်မှ တစ်ဖက်သား ကို နစ်နာအောင် မလုပ်ထိုက်ဘူး။

## ရှင်စူဠပန္ထက

စူဠပန္ထက ရဟန္တာဖြစ်မယ့်ဘဝ၊ ရဟန္တာ ဖြစ်မယ့် ပုဂ္ဂိုလ်၊ ဘယ်ဉာဏ်ထိုင်းမလဲ။ ဉာဏ်အင်မတန်မှ ထက်တာပေါ့။ ပဋိသန္ဓေစိတ်ကိုက ဉာဏ်နဲ့ယှဉ်ပြီး တော့ ဉာဏသမ္ပယုတ်နဲ့ မွေးလာတဲ့ပုဂ္ဂိုလ်တစ်ဦးပဲ။ သို့သော် ရှင်စူဠပန္ထက ဂါထာလေးတစ်ပုဒ် လေးလ

http://www.dhammadownload.com



ကျက်တာ မရဘူး။ မရတော့ အစ်ကိုလုပ်တဲ့ ရဟန္တာ မဟာပန္ထက က "မင်း၊ သာသနာနဲ့မတန်ဘူး၊ အိမ်ပြန်တော့" ဆိုပြီး နှင်ထုတ်လိုက်တယ်။

အေး၊ဘာဖြစ်လို့ ဂါထာလေးတစ်ပုဒ်ကို လေးလထိအောင် ကျက်ရတုန်း၊ ကြိုးစားလျက်သားနဲ့ ဘာဖြစ်လို့ မရတာတုန်းဆိုတော့ အတိတ်ဘဝတစ်ခုတုန်းက ဉာဏ်လေးတဲ့ ကိုယ်တော်ကို သူက ပြောင်ခဲ့တယ်၊ လှောင်ခဲ့တယ်တဲ့။ ဟော၊ ပြောင်ခဲ့၊ လှောင်ခဲ့ပြီး ရယ်စရာလုပ်တယ်။ အဲဒီလို ရယ်စရာလုပ်တော့ ဟိုကိုယ်တော်က ရှက်တယ်။ ရှက်ပြီး စာမသင်ရဲတော့ဘူး၊ ဒါကြောင့်မို့ သူ ဒီဘဝမှာ ဉာဏ်လေးတာ။ သံသရာခရီးသွား အမှားဆိုတာ မလုပ်သင့်ဘူးတဲ့။ တစ်ဖက်သားကို နစ်နာအောင် သွားလုပ်တာဟာ ဒါ မှားယွင်းတဲ့ လုပ်ရပ်တစ်ခုပဲတဲ့။ ဒါလဲ သတိထားရမယ့် အချက်တစ်ခုပဲ။

http://www.dhammadownload.com



## ရှင်ပူတိဂတ္တတိဿ

နောက်တစ်ခုကို စဉ်းစားပြီးတော့ကြည့်ဦး။ ပူတိဂတ္တတိဿမထေရ်ဆိုတာ တစ်ကိုယ်လုံးအနာတွေ ပေါက်ပြီးတော့ ပုပ်ပွသွားတယ်။ ဒီအထိအောင် ရောဂါဆိုးရွားတယ်။ ခုခေတ်ဆိုရင်တော့ အရေပြားကင်ဆာတို့၊ ဘာကင်ဆာ၊ ညာကင်ဆာ ပြောလိမ့်မယ် ထင်ပါတယ်။ တစ်ကိုယ်လုံး အနာတွေ အဖုအပိန့်ပေါက်ပြီး ရောဂါဝေဒနာဖြစ်၊ အရိုးတွေ အကုန်လုံး ကျိုးပဲ့ကုန်တဲ့ အနေအထားမျိုးကို ရောက်သွားတယ်။ အနားနားကို ဘယ်သူမှ မကပ်နိုင်လောက်အောင် ပုပ်စော်နံတယ်။

ဪ၊ ရဟန္တာဖြစ်မယ့် ဘဝကြီးမှာ ဒီလိုဖြစ်ရတယ်။ ဘာကြောင့်တုန်းဆိုရင် သံသရာခရီးသွားတုန်းက သူအမှားတစ်ခုလုပ်ခဲ့တယ်။

ငှက်မုဆိုးဖြစ်စဉ်အခါတုန်းက ရက်စက်ခဲ့တယ်။ ငှက်မုဆိုးဆိုတာ ငှက်တွေကိုထောင်ပြီးတော့ဖမ်း၊ ငှက်တွေကို ထောင်ဖမ်းပြီးတော့ ငှက်သားတို့၊ ငှက်ကြော်တို့ ရောင်းချတာပေါ့။ အဲဒီလို ရောင်းချတဲ့အခါမှာ သူက

http://www.dhammadownload.com



အကုန်လုံးသတ်ပြီး ရောင်းမယ်ဆိုရင် ဝယ်တဲ့သူ ရှိဦးမှ ကိုး။ သတ်ထားလို့ရှိရင်လဲ သိပ်ပြီး ကြာရှည်ခံတာ မဟုတ်ဘူး။ ခုခေတ်လို ရေခဲနဲ့စိမ်လို့လဲရတာ မဟုတ် ဘူး၊ ရေခဲသေတ္တာလဲရှိတာ မဟုတ်ဘူး။ အဲဒီတော့ သူ ဘယ်လိုလုပ်တုန်း ဆိုလို့ရှိရင် ငှက်အရှင်တွေ ခြေထောက်တွေ ချိုးထားတယ်၊ တောင်ပံတွေချိုးပြီး မပျံနိုင်အောင် လုပ်ထားတယ်။ အဲဒီလိုလုပ်ခဲ့တဲ့ အကုသိုလ်က ရဟန္တာဖြစ်တဲ့ ဘဝတောင်မှပဲ ပေါင်ကျိုး တယ်။ တစ်ကိုယ်လုံး အနာတွေပေါက်ပြီး ပုပ်ပွပြီး တော့ လူတွေမကပ်ချင်လောက်အောင် ဖြစ်ခဲ့ရတယ် ပေါ့။ ဒါ ဘဝတစ်ခုမှာ မှားယွင်းခဲ့တဲ့ အကုသိုလ်ကြောင့် ပဲပေါ့။ အေး၊ ဒါကြောင့်မို့လို့ ဒါလည်း သတိထားစရာပဲ။

## သုပ္ပဗုဒ္ဓဝတ္ထု

နောက်တစ်ခါ သုပ္ပဗုဒ္ဓ ဆိုတဲ့ လူတစ်ယောက်။ ဒီလူက အနာကြီးရောဂါသည်။ ဘုရားတရား နာလိုက် ရတဲ့အခါမှာ သောတာပန်ဖြစ်သွားတယ်။ ထူးခြားတဲ့

http://www.dhammadownload.com



အသိဉာဏ်ရတဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ သို့သော် တစ်ကိုယ်လုံး အဖုအပိမ့်တွေနဲ့ အနာကြီးရောဂါ စွဲကပ်ပြီးနေတာ။ ဘာဖြစ်လို့ ဒီလို အနာကြီးရောဂါ စွဲကပ်ရတုန်း။ ခုခေတ်လို ပြောမယ်ဆိုလို့ရှိရင် အနာကြီးရောဂါ မျိုးရိုးပါတာလို့ ပြောချင်ပြောကြမှာပေါ့။ ဒါပေမယ့် ဘာဖြစ်လို့ အနာကြီးရောဂါ စွဲကပ်ရသလဲဆိုရင် တစ်ခု သောဘဝမှာ ပစ္စေကဗုဒ္ဓါကို စွပ်စွဲပြီးတော့ နှုတ်နဲ့ပြောခဲ့ ဖူးတယ်။ "အနူအဝဲတွေ" လို့ ဆဲခဲ့တယ်တဲ့။ ဟော၊ အနူအဝဲနဲ့ ဆဲခဲ့သည့်ကိစ္စကြောင့်မို့လို့ ဒီဘဝမှာ အနူ လာဖြစ်တာ၊ အင်မတန်မှ ကြောက်စရာကောင်းတယ် နော်။

## ဓမ္မူကာ

နောက်တစ်ခု ကြောက်စရာကောင်းတဲ့ အမှား အယွင်းဆိုတာ ကြုံသွားတတ်တယ်။ ဒေါသကြောင့် ဖြစ်စေ၊ ခုနက ပြောင်လှောင်၍ဖြစ်စေ၊ တစ်ခုခုကြောင့် စိတ်ဆိုးမာန်ဆိုး ဖြစ်တဲ့အခါကြောင့်ဖြစ်စေ လူတွေဟာ

http://www.dhammadownload.com



များယွင်းတဲ့ အလုပ်တစ်ခုကို လုပ်မိသွားတတ်တယ်။ ကြည့်၊ ဇမ္ဗူကဆိုတဲ့ ပရိဗိုဇ်တစ်ယောက်ရှိတယ်။ အဲဒီ ဇမ္ဗူကဆိုတဲ့ ပရိဗိုဇ်ကို လူတကာက ကြည်ညိုကြတယ်။ အင်္ဂတိုင်းတို့၊ မဂဓတိုင်းတို့က လူတွေက ကိုးကွယ်ကြတယ်။ အင်မတန်ဘုန်းကြီးတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ သူက အစာမစားဘူး၊ လေကိုစားတယ်။ အဝတ်မဝတ်ဘူး၊ ပြင်းထန်တဲ့အကျင့်ကို ကျင့်တယ်လို့ ယုံကြည်ကြတယ်။ လူတွေက သူ့ကို တကယ့် အကျင့်ကောင်းတဲ့ ရဟန္တာလို့ သိကြတယ်။

သို့သော် တကယ်မဟုတ်ဘူး။ သူစားနေတာက ဘာတုန်းဆိုရင် လူတကာစွန့်ထားတဲ့ မစင်ကိုစားတာနော်။ လူတကာ စွန့်ထားတဲ့မစင်မှ သူကစားတာ။ ဒါလည်း သံသရာတစ်ခုတုန်းက သူက အမှားလုပ်ခဲ့လို့ အဝတ်မဝတ်ဘူး၊ ဘာလို့ မဝတ်တာတုန်းဆိုတာ သံသရာတုန်းက သူက အဝတ် မဝတ်စေတတ်တဲ့ အပြစ်ကို ဖြစ်ပေါ်လာစေတဲ့ ပြစ်မှုတစ်ခုကို သူ ကျူးလွန်ခဲ့တယ်ပေါ့။

http://www.dhammadownload.com



အရင်တုန်းက သူက ကျောင်းတစ်ကျောင်းမှာ ကျောင်းထိုင်နေတဲ့ ကျောင်းထိုင် ဘုန်းကြီးတစ်ပါးပဲ။ အာဂန္တုတစ်ပါး ကြွလာတဲ့အခါ ကျောင်းဒကာက အဲဒီ အာဂန္တုကို ကြည်ညိုတယ်ပေါ့။ ဒါ ဘုန်းကြီးတွေ သတိထားရမည့်ဟာပေါ့။ ကြည်ညိုတော့ ကျောင်းဒကာက ဘာလုပ်တုန်းဆိုရင် အာဂန္တုက ဆံပင်ရှည်နေလို့ ဆံပင်ရိတ်ဖို့ရာအတွက် ဆေတ္တာသည်ပေါ့၊ ခုခေတ်လိုဆိုရင် ဆံသက လူတစ်ယောက်ကို လွှတ်လိုက်တယ်ပေါ့။ အဲဒီ အာဂန္တုကျိန်းဖို့ ဆိုပြီးတော့ ကွပ်ပျစ်ကောင်းကောင်း အိမ်ကနေသယ်ပြီးတော့ပို့တယ်။ အာဂန္တုကို ဂရုတစိုက် လုပ်ပေးတယ်။

အဲဒီလို အာဂန္တုကို ဂရုတစိုက် ပြုစုတာကို ကျောင်းထိုင်ဘုန်းကြီးက မခံနိုင်ဘူး။ သူ့ထက်ပိုပြီး ကြည်ညိုတယ်လို့ စိတ်ထဲကထင်တယ်ပေါ့။ ဘုန်းကြီးတွေမှာလဲ အဲဒီလို ဖြစ်တတ်တယ်။ အဲလိုဖြစ်တာ ဣဿာလို့ခေါ်တယ်။ မနာလို မရှုစိမ့်တဲ့ ဣဿာ ဖြစ်လာတာ။ ဣဿာ ဖြစ်လာတဲ့အခါကျတော့ အဲဒီ

http://www.dhammadownload.com



အာဂန္တုကို ဒီမှာမနေအောင် သူကလုပ်တယ်။

သူက ဘာပြောတုန်းဆိုတော့ "ကိုယ်တော်တဲ့၊ ဒီဒကာရဲ့ သင်တုံးခါးနဲ့ ခေါင်းရိတ်ခံမယ့်အစား ကိုယ်တော့်ခေါင်းက အမွေးကို ထန်းစေ့နဲ့ဆွဲညှပ်နှုတ်တာကမှ ကောင်းသေးတယ်"တဲ့။ ဆဲရေးတာပေါ့ ဟုတ်ကဲ့လား။ "ကိုယ်တော် ဒီဒကာကျွေးတဲ့ဆွမ်း စားမယ့်အစား လူ့မစင်စားတာက ကောင်းသေးတယ်" တဲ့။ ဟော၊ သူက ဆဲရေးတာ။ ဘာဖြစ်လို့တုန်းဆိုရင် ဒီမှာမနေအောင် သူကလုပ်တာ။ "ဒီဒကာပေးတဲ့ ကွပ်ပျစ်ပေါ် အိပ်မယ့်အစား ကိုယ်တော် မြေကြီးပေါ် အိပ်တာကောင်းသေးတယ်"ပေါ့။ "ဒီသင်္ကန်းကြီးဝတ်မယ့်အစား တုံးလုံးနေတာ ကောင်းသေးတယ်"နဲ့။ အဲဒီလို အာဂန္တုကိုယ်တော်ကို ပြစ်မှားပြီးတော့ ဆဲရေးတယ်။

ဒကာက "အရှင်ဘုရား အာဂန္တု ပင့်ပြီးတော့ ကြွခဲ့ပါ"လို့ မှာထားတာ။ မနက်မိုးလင်းတဲ့အခါကျတော့ အာဂန္တုနိုးမှာစိုးလို့နော်၊ သက်ကယ်ရိုးလေးနဲ့ ခေါင်းလောင်းထိုးသတဲ့။ တကယ်က အာဂန္တုကို မနိုးဘဲနဲ့

http://www.dhammadownload.com



တိတ်တဆိတ် သူက ဒကာအိမ်ကြွသွားတယ်။ ဒကာက "အရှင်ဘုရား၊ အာဂန္တု မပါဘူးလား" ဆိုတော့ "ဒကာကြီးရဲ့ကိုယ်တော် တစ်ခါတည်း ဘယ်လောက်ထိအောင်အိပ်နေမှန်းမသိဘူးပေါ့လေ။ ခေါင်းလောင်းထိုးတာတောင် မနိုးဘူး" အပြစ်ပြောတဲ့အခါ ကျောင်းဒကာက "အရှင်ဘုရား၊ ခရီးပန်းလာလို့ နေမှာပါ" ဆိုပြီးတော့ သူ့ကိုဆွမ်းကပ်တယ်။ အာဂန္တုအတွက် ဆွမ်းတစ်သပိတ် လှူလိုက်တယ်။ "အာဂန္တုနိုးလို့ရှိရင် ကျွေးလိုက်ပါဘုရား" အဲဒီ ဆွမ်းသပိတ်ကို လမ်းမှာပဲ သွန်ပစ်ခဲ့တယ်။

ကြည့်နော်၊ မှားယွင်းတဲ့ လုပ်ရပ်တွေ သူလုပ်ခဲ့တယ်။ တစ်သက်စာလဲ မဟုတ်ဘူး၊ တစ်ခဏစာလေး အတွက် သူဟာ မနာလိုစိတ်နဲ့ မှားယွင်းတဲ့လုပ်ရပ်တွေ သူလုပ်ခဲ့တယ်။ အဲဒီလိုလုပ်ပြီး ကျောင်းပြန်ရောက်တဲ့အခါ အာဂန္တုအိပ်တဲ့အခန်း သွားကြည့်တယ်၊ မရှိတော့ဘူး၊ အဲဒီကျတော့မှ သူ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတယ်ပေါ့။ "ငါ့ရဲ့လုပ်ရပ်တွေကို သိတဲ့ပုဂ္ဂိုလ်ဖြစ်မယ်"။

http://www.dhammadownload.com



အဲဒီပုဂ္ဂိုလ်က ရဟန္တာပုဂ္ဂိုလ်ကြီး။ ရဟန္တာပုဂ္ဂိုလ်ကို ပြစ်မှားမိတဲ့အတွက်ကြောင့် သေတဲ့အခါ ငရဲကျတယ်။ အခု နောက်ဆုံးဘဝ ရောက်တဲ့အခါ သူဟာ မွေးလာတဲ့ အချိန်ကတည်းက နို့တိုက်ရင် နို့မစို့ဘူး၊ ဘာစားတုန်း ဆိုရင် ကိုယ့်မစင်ကိုယ်ပြန်စားတယ်။ ကြည့်နော်၊ ကိုယ့် မစင် ကိုယ်ပြန်စားတယ်။ လူကြီးတွေကတော့ "ဩော်၊ ကလေးမို့ မသိတတ်လို့" ဆိုပြီးတော့နေကြတယ်။ ဘာ ဟုတ်မလဲ၊ အရွယ်လေး ရောက်လာတယ်။ စကားလေး ဘာလေး ပြောတတ်၊ လမ်းလေးဘာလေး လျှောက် တတ်တဲ့ အချိန်မှာလည်း ထမင်းရယ်လို့ ဟုတ်တိပတ်တိ မစားဘူး။ လူအလစ်မှာ မစင်ဘဲ သွားစားတယ်။ ကြာတော့ အဖေ အမေတွေက သူ့ရဲ့အကျင့်တွေ တွေ့လာတဲ့အခါ လက်မခံတော့ဘူး၊ အိမ်ကနေပြီး တော့ နှင်ထုတ်တယ်။ နှင်ထုတ်တော့ အစေလက အဝတ်မဝတ်တဲ့ဂိုဏ်းထဲ ရောက်သွားတယ်။ အဲဒီမှာ သူ့ဆံပင်ကို ထန်းစေ့လေးနဲ့ဆွဲပြီး နှုတ်ခံရတယ်။

http://www.dhammadownload.com



သူပြောခဲ့တဲ့အတိုင်း အဝတ်မဝတ်ရဘူး၊ မြေကြီးပေါ်မှာ အိပ်ရတယ်။

အဲဒီလိုနေပြီး အစေလက အဖွဲ့တွေက မြို့ထဲ ရွာထဲ ဆွမ်းခံသွားတဲ့အခါမှာ သူ့ကို ခေါ်တာ မလိုက် ဘူး။ ကျောင်းမှာပဲကျန်ရစ်တယ်။ ရလာတဲ့ အစားအစာ တွေ သွားကျွေးတဲ့အခါ သူကလက်မခံဘူး၊ မစားဘူး ဆိုပြီးတော့နေတယ်။ "ဒီကိုယ်တော် ဘာစားနေသလဲ" ဆိုပြီးတော့ ဆွမ်းခံသွားတဲ့အခါ တစ်ယောက်ကို ချောင်းကြည့်ခိုင်းတယ်။ သူက ဘာလုပ်လဲဆိုတော့ သူများသွားပြီဆိုရင် အိမ်သာဖွင့်ပြီးတော့ လူ့မစင် တွေကို အားရပါးရစားတာ။ အဲဒါနဲ့ အစေလက တွေကလည်း မစင်စားတယ်ဆိုတော့ မကောင်း သတင်း ထွက်မှာစိုးလို့ သူ့ကို မောင်းထုတ်လိုက်ကြ တယ်။ မောင်းထုတ်လိုက်တဲ့အခါ လူတကာ မစင်စွန့်တဲ့ နေရာ ကျောက်ဖျာဘေး သွားပြီးနေတယ်။ လူတွေ မမြင်တဲ့အခါမှာ မစင်တွေစားတယ်၊ ပြီးတော့ ဘာလုပ် လဲဆိုရင် ခြေထောက်တစ်ဖက်မြှောက်၊ ပါးစပ်ဟပြီး

http://www.dhammadownload.com



တော့နေတယ်။ "သူဟာ လေစားတယ်၊ အစာမစား ဘူး"။ လိမ်တာညာတာနော်။ နောက်ပိုင်းကျတော့ "ဩော်၊ အစာမစားဘူး၊ လေစားတယ်" ဆိုပြီးတော့ ဘုန်းကြီးလာတယ်။ တကယ်တော့ စားတာ လူတွေ စွန့်တဲ့ မစင်ကို စားနေတာ။

တကယ်တော့ သူဟာ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ ရဟန္တာဖြစ်နိုင်တဲ့ အနေအထားရှိတယ်။ ဒါနဲ့ မြတ်စွာဘုရား ကြွသွားပြီးတဲ့ သူ့ရဲ့လုပ်ရပ်တွေ ဖော်ထုတ်တယ်။ မြတ်စွာဘုရားတရား နာရတဲ့အခါ သူဟာ အကျွတ်တရားရပြီး ရဟန္တာကြီးဖြစ်သွားတယ်။

ကဲ၊ ဘယ်လောက် ကြောက်စရာကောင်းတုန်း။ ရဟန္တာဖြစ်မယ့်ဘဝတောင် မစင်စားရတဲ့ ဘဝမျိုး ရောက်သွားသေးတယ်။ အဲဒါ တစ်ကြိမ်တစ်ခါတုန်းက အမှားလုပ်ခဲ့လို့ပဲ။ ဒါကြောင့် သံသရာခရီးသွား အမှား မလုပ်မိစေနဲ့တဲ့နော်။

http://www.dhammadownload.com



## ဥဂ္ဂသေန

နောက်တစ်ခုကြည့်၊ ဥဂ္ဂသေန ဆိုတဲ့ သူဌေးသား။ ဥဂ္ဂသေနဟာ သူဌေးသားပဲ။ သူ့ဇနီးကတော့ ကချေသည် မျိုးရိုး၊ သဘင်သည်မျိုးရိုး ခေါ်တာပေါ့။ ရှေးတုန်းကတော့ ဒါ မျိုးရိုးရှိတယ်။ ခုခေတ်ကတော့ မျိုးရိုးရယ်လို့ မဟုတ်ကြဘူး။ ဝါသနာပါလို့လုပ်တယ်ပေါ့နော်။ ကချေသည်မျိုးရိုးဆိုတော့ သူ့အဖေက ဇာတ်ဆရာ၊ သူက က,တဲ့မင်းသမီးပေါ့လေ။ ခုခေတ်အခေါ် အငြိမ့်မင်းသမီး၊ ဇာတ်မင်းသမီးပေါ့။

ဥဂ္ဂသေနက သူဌေးသား။ ဒီဇာတ်ပွဲကြည့်ရင်း အဲဒီဇာတ်မင်းသမီးကို သဘောကျပြီး သူလဲ ဇာတ်ထဲလိုက်သွားတယ်။ သူဌေးသားက သူဌေးသားလို မနေဘဲ သဘင်သည်လုပ်တယ်။ ခုခေတ်ကတော့ အနုပညာသည်လို့ ခေါ်ပါတယ်။ နှိမ့်ချခေါ်တာ မရှိဘူး။ ရှေးတုန်းကတော့ အနုပညာသည်လို့ မခေါ်ဘူး၊ "သဘင်သည်" လို့ပဲခေါ်တယ်။ မြန်မာပြည်မှာနော်။ သဘင်သည်လို့ ခေါ်ပြီး ဖက်ခွက်စားလို့လည်း ခေါ်ကြတယ်။ ဇာတ်

http://www.dhammadownload.com



မင်းသား မင်းသမီးတွေ ကြားရင်တော့ ကြိုက်မှာမဟုတ်ဘူးပေါ့။ ရှေးတုန်းက အဲဒီလိုခေါ်တယ်။ ဖက်ခွက်စား။ လူတွေက ရှုံ့ချတယ်ပေါ့။ သူတို့ ကပြတာ ကြည့်တော့ ကြည့်တယ်၊ ဒါပေမယ့် အဲဒီမျိုးရိုးကို လူတွေက အထင်မကြီးဘူး။ သဘင်သည် မျိုးရိုးကို အထင်မကြီးဘူး။

အဲ၊ ဥဂ္ဂသေနက သူဌေးသား ဖြစ်လျက်သားနဲ့ အဲဒီဇာတ်ပွဲက မင်းသမီးကို သဘောကျပြီးတော့ သူတို့ဇာတ်ထဲကို လိုက်သွားတယ်။ အဲဒီလိုဖြစ်ရတာ ဘာကြောင့်တုန်းဆိုတော့ ဘဝတစ်ခုမှာ သူက အမှားလုပ်ခဲ့မိတယ်။

ဟိုတုန်းကလဲ သူတို့ ဇနီးမောင်နှံ နှစ်ယောက်ပဲ။ အဲဒီတုန်းက ခရီးသွားရင်း လမ်းမှာ ရဟန္တာတစ်ပါး တွေ့တယ်။ တွေ့ပြီးတော့ အဲဒီရဟန္တာကို သူတို့က ဆွမ်းကပ်ကြတယ်။ ဆွမ်းကပ်ပြီး ဆုတောင်းတယ်ပေါ့။ "အရှင်ဘုရား၊ ဒီကောင်းမှုကြောင့် အရှင်ဘုရားသိတဲ့ တရားထူး၊ တရားမြတ်ကို တပည့်တော်တို့ သိပါရစေ

http://www.dhammadownload.com



ဘုရား" လို့ အဲဒီလိုဆုတောင်းတဲ့အခါ ရဟန္တာပုဂ္ဂိုလ်ကြီးက အနာဂတံသဉာဏ်နဲ့ ကြည့်လိုက်တယ်။ ဩော်၊ သူတို့ဟာ ငါသိတဲ့ တရားထူးတရားမြတ်သိတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်မှာပဲ၊ ဖြစ်မှာပဲဆိုတာကိုမြင်လို့ ရဟန္တာက သဘောကျပြီးပြုံးတာ။ အဲဒီပြုံးတာကို မြင်ပြီးတော့ အမျိုးသမီးလုပ်တဲ့သူက နှုတ်မစောင့်ဘူးလေ၊ "ကြည့်၊ ကိုယ်တော်ကြီးက ပြုံးတယ်၊ ဇာတ်သမားနဲ့တူတယ်" ပြောလိုက်တယ်။ ဟို လင်ယောက်ျားလုပ်တဲ့သူက လည်း "အေး၊ ဟုတ်မှာပေါ့ကွာ" လို့ ပြောလိုက်တယ်။

ဥဂ္ဂသေနက ဟုတ်မှာပေါ့ကွာ ပြောခဲ့လို့ သူဌေးသားဖြစ်လျက်သားနဲ့ ဇာတ်သမားသွားဖြစ်ရတယ်။ ဘဝတစ်ခုမှာ အမှားလုပ်ခဲ့ပြီးပြီဆိုရင် အမြင့်ကနေ အနိမ့်ဆင်းသွားတာပဲနော်။ ဒါကြောင့်မို့ အင်မတန်ကြောက်စရာကောင်းလို့ သံသရာခရီးသွား အမှားမလုပ်မိစေနဲ့ ပြောတာနော်။

http://www.dhammadownload.com



## ဇင့်္ဂိလ

တစ်ခါ ဇောတိကတို့၊ ဇင့်္ဂိလတို့၊ မေဏ္ဍကတို့ ဆိုပြီးတော့ အင်မတန်ထင်ရှားတဲ့ သူဌေးတွေရှိတယ်။ ဇောတိက က ရာဇဂြိုဟ်ပြည်မှာ အလွန်ထင်ရှားတဲ့ သူဌေး။ ဇင့်္ဂိလက သူဌေးသားဖြစ်ပေမယ့်လို့ သူမွေးလာတာက ဖအေ မပေါ်ဘူးနော်။ ဖအေမပေါ်ဘူးဆိုတာ သူက သူဌေးသမီးတစ်ယောက်က မွေးတာ။ သူ့အမေကတော့ သူဌေးသမီးပဲ။ သို့သော် ဝိဇ္ဇာဓိုရ်နဲ့ တိတ်တိတ်ပုန်း မွေးတယ်။ တိတ်တိတ်ပုန်းမွေးတယ် ဆိုကတည်းက လူမသိရဲလို့ ဇင့်္ဂိလလေး မွေးလာတဲ့အခါ ဘာလုပ်တုန်းဆိုတော့ အိုးထဲထည့်ပြီး မြစ်ထဲမျှောတာ။ အောက်က ရေချိုးနေတဲ့ အမျိုးသမီးနှစ်ယောက်က ဆယ်ယူကြတယ်။ နောက်တော့ သူ့ကံအားလျော်စွာ အိမ်နောက်ဖေးမှာ ရွှေတောင်ပေါက်တဲ့ သူဌေးကြီး ဖြစ်သွားတယ်။

ဪ၊ သူဌေးသမီးရဲ့သား ဖြစ်ပါလျက်နဲ့ အိမ်မှာ ကျွေးမွေးထားခြင်း မခံရဘဲနဲ့ ရေထဲမှာ အမျှောခံရ

http://www.dhammadownload.com



တယ်ဆိုတာ တစ်ခုသောဘဝမှာ အမှားအယွင်းတွေ သူလုပ်ခဲ့တယ်။

ကဿပဘုရားရဲ့ စေတီတည်နေတဲ့အချိန်မှာ ရဟန္တာတစ်ပါး ကြွလာပြီးတော့ ဒကာ၊ ဒကာမတွေကို နှိုးဆော်တယ်။ "စေတီအတွက် ရွှေတွေ လိုနေသေးတယ်၊ တာဝန်ယူထားတာ ပြည့်စုံအောင် လှူကြဖို့" လိုက်ပြီးတော့ တိုက်တွန်းတယ်။ ဇမ္ဗုလသူဌေး အလောင်းက အဲဒီတုန်းက ရွှေပန်းတိမ်သည် ဖြစ်တယ်။ သူလည်း တာဝန်ယူထားတယ်။ အဲဒီ ရဟန္တာ ကြွလာခါနီးမှာ အိမ်က ဇနီးသည်နဲ့ စကားများ ရန်ဖြစ်ထားတယ်။ စိတ်ဆိုးနေတဲ့ အချိန်ပေါ့နော်။ အဲဒီစိတ်ဆိုးနေတဲ့အချိန်မှာ ခုနက ရဟန္တာက လာပြီးတော့ "အေး၊ လိုအပ်တဲ့ရွှေတွေ ဖြည့်ကြ၊ လှူကြ" လို့ လာပြီးပြောတော့ ဘာပြောလိုက်တုန်းဆိုရင် "ကိုယ်တော်တို့ ဘုရားကို ရေထဲသာမျှောပစ်လိုက်"လို့ ပြောလိုက်တယ်။ သူက စိတ်ဆိုးနေတာကိုး။ သူ့ အမျိုးသမီးကို စိတ်ဆိုးတာ။ ဘာမှအပြစ်မရှိတဲ့ဘုရား ရေထဲ မျှောပစ်လိုက်လို့

http://www.dhammadownload.com



ပြောတော့ အမျိုးသမီးလုပ်တဲ့ ပုဂ္ဂိုလ်က "ရှင်ဘယ်လို ပြောလိုက်တာလဲ၊ ကျွန်မကို စိတ်ဆိုးရင် ကျွန်မကိုရိုက်ပေါ့၊ ဘာလို့ ဘုရားသွားပြောတာလဲ" ဆိုတော့မှ သူ သတိရသွားပြီး ရဟန္တာကို တောင်းပန်တယ်။ ရဟန္တာက ညွှန်ပြတဲ့အတိုင်း ရွှေပန်းအိုးကြီးသုံးလုံး လုပ်ပြီးတော့ ဘုရားကိုကန်တော့ပြီး ဝန်ချတောင်းပန်ခဲ့ရတယ်။

သို့သော် ဖြစ်လေရာဘဝ ဘယ်တော့မှ အိမ်မှာ မကြီးရဘူး၊ ရေထဲ အမျှောခံရတယ်။ ဒါကြောင့် သံသရာခရီးမှာ မှားမှားယွင်းယွင်း လုပ်မိပြီဆိုရင် ဆိုးကျိုးပေါ်လာတတ်တယ်။ အင်မတန်ကြောက်ဖို့ ကောင်းတယ်လို့ ပြောတာနော်။

## ကောဏ္ဍဓာန

ဟော၊ နောက်ဇာတ်လမ်းတစ်ခုက ဘာတုန်းဆိုရင် ရဟန်းတော်တစ်ပါး။ သူ့ဘွဲ့က မူရင်းကတော့ ဓာနပေါ့။ ရှေ့ကနေပြီးတော့ ကောဏ္ဍဆိုတဲ့ စကားလုံး ထည့်ပြီးခေါ်ကြတယ်။ ဘယ်လို အဓိပ္ပာယ်ရတုန်း

http://www.dhammadownload.com



ဆိုတော့ "သူယုတ်မာ" အဓိပ္ပာယ်ရတယ်။ ကောဏ္ဍဒါန ဆိုတဲ့ ကောဏ္ဍဆိုတာ သူယုတ်မာကြီးပေါ့။ အဲဒီ ကိုယ်တော်ရဲ့ ဝဋ်ကြွေးက ဘယ်လောက်ကြောက်စရာ ကောင်းတုန်းဆိုတော့ လူ့ဘဝနေတုန်းက ဘာမှမဖြစ် ဘူး၊ ရဟန်းဝတ်လိုက်တဲ့အခါကစပြီးတော့ သူ့နောက် မှာ အရိပ်ပေါ်နေတယ်။ အမျိုးသမီးတစ်ယောက်က အမြဲလိုက်နေတယ်။ သူက မမြင်ရဘူး၊ ပတ်ဝန်းကျင်က လူတွေက အကုန်မြင်ရတယ်နော်။ အဲဒီကိုယ်တော်ရဲ့ နောက်က အမျိုးသမီးငယ်တစ်ယောက်က အမြဲတမ်း ပါတယ်။ ဆွမ်းလောင်းတဲ့ ဒကာ၊ ဒကာမတွေက ပြော တယ်၊ ဒါက ကိုယ်တော့်အတွက်၊ ဒါက ကိုယ်တော့်ရဲ့ ဒကာမအတွက် ဆိုပြီးတော့ တချို့ကလည်း ပြောင် ပြောင် လှောင်လှောင် လောင်းလှူလိုက်ကြတယ်။ သူက တော့ နားမလည်ဘူးပေါ့။ သူ့နောက်က အမျိုးသမီး တစ်ယောက်ပါနေတာ သူမသိဘူး၊ မြင်လည်း မမြင်ရ ဘူး။ သို့သော် မကောင်းသတင်း ဟိုးလေးတကျော်

http://www.dhammadownload.com



ဖြစ်နေရတယ်။ ဘယ်လိုမှ ဖြေရှင်းလို့မရနိုင်တဲ့ပြဿနာ ဖြစ်လာတယ်။

နောက်ဆုံးမှာ ဘုရင့် နန်းတော်ထိအောင် ဒီသတင်း ပေါက်သွားတယ်။ ပေါက်သွားတော့ ကောသလမင်းကြီးကိုယ်တိုင် လာရောက်စုံစမ်းတယ်။ အဲဒီ ရဟန်းတော်နောက်က အမျိုးသမီးတစ်ယောက် အမြဲတမ်းပါတယ်။ ကျောင်းအခန်းထဲ ဝင်သွားလည်း ပါသွားတာပဲ။ အမြဲတမ်း အတူတူ နေတယ်လို့ ထင်ရတယ်။

လူကောင်ထည်ကြီးကို မြင်နေရတာဆိုတော့ ဘယ်သူမှ မယုံဘူးပေါ့နော်။ အဲဒါ တကယ့်အဖြစ်အပျက်နော်။

ကောသလမင်းကြီးကြားလို့ လာစုံစမ်းတဲ့အခါ အဲဒီကိုယ်တော် ကျောင်းထဲဝင်သွားတဲ့အခါ သူ့နောက်က အမျိုးသမီးတစ်ယောက်ကို မြင်ရတယ်။ ကျောင်းပေါ် တက်ကြည့်တော့ အဲဒီအမျိုးသမီး မတွေ့ရပြန်

http://www.dhammadownload.com



ဘူး။ တစ်ခါ အောက်ပြန်ဆင်းလိုက်ပြန်တော့ မြင်ပြန်ရော။

ဘုရင်ကြီးကပြောတယ်။ "ကိုယ်တော့်နောက်က အမျိုးသမီးတစ်ယောက်ရှိတယ်" လို့။ အဲဒီကိုယ်တော်က "မရှိပါဘူးတဲ့။ သူတစ်ခါမှ မမြင်ရဘူး။ သူ ဒီလိုပဲ အပြောခံရတယ်။ သူတစ်ယောက်တည်းပါ၊ ဘယ်တော့မှ အမျိုးသမီးတစ်ယောက်နဲ့တွဲနေတာ မရှိပါဘူး" လို့ ငြင်းတယ်။ ငြင်းပေမယ့် ဘယ်လိုမှမရဘူး။

ကိုယ်တော်တွေက တိုင်ကြတန်းကြတာ။ နောက်က အမျိုးသမီးတစ်ယောက် ပါနေတယ်ဆိုတော့ ဒို့သာသနာ နာမည်ပျက်တော့မှာပဲဆိုပြီး ဘုရင်ထိအောင် တိုင်ကြတယ်။ ဘုရင်ကြီးကိုယ်တိုင် လာစုံစမ်းတာ။

နောက်ဆုံးကျတော့ ဘုရင်ကြီးက အမျိုးမျိုးစူးစမ်းတဲ့အခါကျတော့ တွေ့လိုက် ပျောက်သွားလိုက်၊ တွေ့လိုက် ပျောက်သွားလိုက်၊ ထွက်မသွားနိုင်အောင် ဝိုင်းထား ရှာပြန်တော့လည်းမတွေ့။ အောက်ဆင်းပြီး ပြန်ကြည့်တော့ ဒီအမျိုးသမီးပုံက ပေါ်နေပြန်ရော။

http://www.dhammadownload.com



ပြော်၊ အဲလိုလုပ်တော့ ဘုရင်ကြီးက ဒါ အကြောင်း တစ်ခုခုတော့ ရှိမှာပဲဆိုပြီး ဘုရင်ကြီးက ဆုံးဖြတ်လိုက်တယ်။

အဲဒီ ကိုယ်တော်ကို "အရှင်ဘုရားတဲ့၊ ဒီပုံစံနဲ့ ဆိုရင် ကိုယ်တော့်ကို ဆွမ်းလောင်းမယ့်သူရှိမှာ မဟုတ်ဘူးတဲ့။ သူ့နန်းတော်ထဲကြွပြီး ဆွမ်းစားပါ" ဆိုပြီးတော့ ပင့်သွားတယ်။ ဘုရင်ကြီးကတော့ နားလည်သွားတယ် ပေါ့နော်။ ကျန်တဲ့ ရဟန်းတွေက မကျေနပ်ဘူး။

မြတ်စွာဘုရားက ရှင်းပြတယ်။ အတိတ်ဘဝ တုန်းက၊ သံသရာခရီးသွားတုန်းက သူအမှားတစ်ခု လုပ်ခဲ့တယ်၊ အဲဒီတုန်းက သူက နတ်သားတစ်ယောက် ဖြစ်ခဲ့တယ်။ နတ်သားတစ်ယောက်ဖြစ်တော့ အဲဒီ အချိန်မှာ ရဟန်းတော်နှစ်ပါးဟာ ညီအစ်ကိုလိုပဲ သိပ် ရင်းနှီးကြတယ်။ သူတို့နှစ်ပါး ခရီးသွားအတူတူ၊ နေ အတူတူ၊ အဲဒီအကျင့်ကောင်း၊ အနေအထိုင်ကောင်း ရဟန်းတော်နှစ်ပါး တူတူသွားတာ ဒီရဟန်းတော်နှစ်ပါး ဟာ အမြဲတမ်း ပူးတွဲပူးတွဲနေတယ်ပေါ့လေ။ အဲဒီနတ်

http://www.dhammadownload.com



က ဒီကိုယ်တော်နှစ်ပါးဟာ ဘယ်တော့မဆို ပူးတွဲပူးတွဲ လုပ်နေတယ်။ ငါ ကွဲအောင်လုပ်ဦးမယ် ဆိုပြီးတော့ ခရီးသွားနေတဲ့အချိန်မှာ ထင်ယောင်ထင်မှား ဖြစ်အောင် လုပ်ခဲ့တာ။

ရဟန်းတော်တစ်ပါးက "ကိုယ်တော်၊ နောက်ဖေး နောက်ဖီ သွားချင်လို့"။ (ခုခေတ်လို ပြောရင်တော့ ကျန်းမာရေးပေ့ါနော်။) ပြောပြီး အဲဒီခြုံကြားကို ခဏ ဝင်တယ်။ ဟို ကိုယ်တော်က ရှေ့နားကစောင့်။ ခြုံကြား ဝင်ပြီး နောက်ဖေးနောက်ဖီသွားပြီးတော့ ပြန်ထွက် လာတဲ့အခါ အဲဒီနတ်သားက ဘာလုပ်တုန်းဆိုတော့ အမျိုးသမီးယောင် ဖန်တီးပြပြီးတော့ ဆံပင်ကို ပြင်ပြီး ထုံးတာတို့၊ အဝတ်ပြင်ဝတ်တာတို့ ဖိုးရိုးဖားယားတွေ ပုံစံအမျိုးမျိုး လုပ်ပြတယ်ပေါ့။ ဟို စောင့်နေတဲ့ ကိုယ်တော်မြင်အောင်ပြတာ။ ပြတော့ ဟိုကိုယ်တော် ကလဲ မျက်စိနဲ့မြင်လိုက်တာ တကယ်မြင်လိုက်တာပဲ၊ ထင်ထင်ရှားရှားကြီးမြင်တယ်။

http://www.dhammadownload.com



ကာယကံရှင် ကိုယ်တော်ကတော့ ဘာမှမသိရှာဘူး။ စောင့်နေတဲ့ ကိုယ်တော့်အနားနားလဲရောက်ရော ဟိုကိုယ်တော်က ပြောတာ၊ "ဟာ၊ ကိုယ်တော်၊ ကိုယ်တော် ဒုဿီလပဲ၊ ကိုယ်တော်အကျင့်ပျက်ကြီးပဲ၊ လူယုတ်မာကြီးပဲ၊ ကိုယ်တော်နဲ့အတူတူ မနေနိုင်ဘူး" ဆီးပြောတယ်။

ဟိုကိုယ်တော်ကလည်း ငါ ဘာမှမလုပ်ဘဲနဲ့ ဘာဖြစ်လို့ ဒီလိုစွပ်စွဲရတာတုန်းဆိုပြီးတော့ နှစ်ပါး ကွဲသွားကြတာ။ အဲဒါ သက်သက်ဝင်ပြီးတော့ ကွဲအောင်လုပ်တဲ့ သဘောပဲနော်။

အဲဒီနတ်သား သေသွားတဲ့အခါ ငရဲကျပြီး ခု ဂေါတမ မြတ်စွာဘုရားလက်ထက် အခါကျတော့ ကောဏ္ဍဒါန လာဖြစ်တယ်။ ကောဏ္ဍဒါန ဘဝမှာ သူဟာ အရှက်တကွဲ အကျိုးနည်း ဖြစ်နေရတယ်။

နောက်ဆုံးမှာ သူ့ကို လူယုတ်မာကြီး၊ လူယုတ်မာကြီးနဲ့ ခေါ်တဲ့အခါ သူကလည်း ပြန်ပြောလာတယ်၊ ပြန်ဆဲလာတယ်။ မြတ်စွာဘုရားက ဆုံးမတယ်၊ "မင်း

http://www.dhammadownload.com



ဟိုတုန်းကလည်း မဟုတ်တဲ့ အယူအဆ၊ အတွေး အခေါ်တွေကြောင့်မို့ ဒီလို ဒုက္ခရောက်တယ်၊ ခုလဲ ရဟန်းကောင်းတွေနဲ့ တုန့်ပြန်ပြီး ရန်ဖြစ်နေမယ်ဆိုရင် ပိုပြီးဆိုးသွားလိမ့်မယ်" လို့ ဆုံးမပြီး သည်းခံဖို့ရာ ဟောတယ်။ နောက်ဆုံးကျတော့ သူဟာ ရဟန္တာ ဖြစ်သွားတယ်။ အဲဒီအခါမှာ ခုနက အမျိုးသမီးပုံရိပ်ကြီး ပျောက်သွားတယ်။ ကဲ၊ သံသရာမှာ အမှားလုပ်ခဲ့ပြီ ဆိုရင် ခံလေရော။ အရှက်ကွဲ အကျိုးနည်း၊ ဟုတ်လား။

## ဗိမ္ဗိသာရမင်း

မြန်မာတွေအားလုံး ဗိမ္ဗိသာရမင်းကြီး ခြေဖဝါး မားနဲ့ခွဲခံရတယ်ဆိုတာ သိကြတာပဲနော်။ အဲဒါလည်း သံသရာဘဝတစ်ခုမှာ အမှားလုပ်ခဲ့လို့ပဲ။ အများက ဘုန်းကြီးကျောင်းထဲ ဖိနပ်စီးခဲ့လို့၊ စေတီရင်ပြင် ဖိနပ် စီးခဲ့လို့ ပြောကြတယ်။ တကယ်ကတော့ ဘုရားကို ပန်းတင်ပြီးလှူခဲ့တဲ့ ပန်းခုံတွေပေါ်မှာ သူဟာ မရိုမသေ မလေးမစားလုပ်ပြီးတော့ ဖိနပ်စီးခဲ့တယ်။ ဒီလို သာမန်

http://www.dhammadownload.com



မြေပေါ်မှာ စီးခဲ့တာ မဟုတ်ဘူးနော်။ ဘုရားပန်းတင်တဲ့ ခုံပေါ်မှာ မလေးမစား လုပ်ပြီးတော့ စော်ကား မော်ကား လုပ်ခဲ့တဲ့အမှား။ အဲဒီအမှားကြောင့် အခု ဗိမ္ဗိသာရမင်းဘ၀ ရောက်တဲ့အခါမှာ ခြေဖ၀ါးခွာခွဲပြီး အသတ်ခံရတယ်။ ရိုးရိုးသတ်ရင်လဲ သေမှာပဲ၊ ဒါပေ မယ့် ခြေဖ၀ါးခွာခွဲ သတ်တယ်ဆိုတာ သူ့အမှား လုပ်ရပ်ကြောင့်ဖြစ်တာ။ အဲဒါကြောင့်မို့လို့ အမှား အယွင်းဆိုတာ မဖြစ်စေသင့်ဘူးတဲ့။

## လောကသတိဿ

နောက် ဒီ့ထက်ဆိုးတဲ့ အမှားအယွင်းတစ်ခု လုပ်သူ လောသကတိဿ ဆိုတာရှိတယ်။ ရဟန္တာ ဖြစ်သည့်တိုင်အောင် သူက ဘယ်တော့မှ၀အောင်မစား ရဘူး။ ခုနကလိုပဲ သူများကို အစားအစာနဲ့ ပတ်သက် ပြီးတော့ သူက ပိတ်ပင်ခဲ့တာ။ နောက်ဆုံးမှာ ရဟန္တာ ဖြစ်ပြီး ပရိနိဗ္ဗာန်စံမယ့်နေ့တောင်မှပဲ ရှင်သာရိပုတ္တရာ က သနားလို့ သူ့ကို စားစေချင်လို့ ပေးလိုက်တဲ့ဆွမ်းကို

http://www.dhammadownload.com



ကိုယ်တော်တွေကမေ့ပြီးတော့ သူ့ကိုမကျွေးကြဘူးတဲ့။ သူ့အကုသိုလ်ကြောင့် အဲဒါနဲ့ ရှင်သာရိပုတ္တ မထေရ် မြတ်ဟာ မွန်းလွဲမှ မြို့ထဲတစ်ခါ ဆွမ်းခံဝင်တယ်။ မွန်းလွဲ အချိန်ဆိုရင် ရှေးက ဒကာ၊ ဒကာမတွေက အဖျော်တို့ စတုမဓုတို့ လောင်းလှူလေ့ရှိတယ်။

အေး၊ အချိန်ကြည့်ပြီးတော့ ဒကာ၊ ဒကာမတွေက စတုမဓု တစ်သပိတ် လှူလိုက်တယ်။ အဲဒီ စတုမဓု သပိတ်လေးကို ကိုယ်တိုင်ယူပြီးတော့ ခုနက လောသကတိဿ ကိုယ်တော်ကို နောက်ဆုံးနေ့မှာ စတုမဓု အဝကျွေးတယ်။ အဲဒီနေ့ပဲ ဝအောင်စားရ တယ်။ စားပြီးရော ပရိနိဗ္ဗာန်စံသွားရတယ်နော်။

ကြည့်၊ ဒီလို ငတ်ငတ်ပြတ်ပြတ်နဲ့ ဖြစ်ရတာ ဘာဖြစ်လို့တုန်း။ တစ်ခုသောဘဝမှာ သူဟာ အမှား အယွင်းတွေ လုပ်ခဲ့တယ်။ ဒါကြောင့် အမှားအယွင်း တွေလုပ်ခဲ့လို့ အမှားအယွင်းခံရတဲ့ ပုဂ္ဂိုလ်တွေဟာ အများကြီးရှိတယ်။

http://www.dhammadownload.com



## မြတ်စွာဘုရားကိုယ်တော်တိုင်

မြတ်စွာဘုရားကိုယ်တိုင်လည်း မှားမှားယွင်းယွင်း လုပ်ခဲ့သည့်အတွက်ကြောင့် မလိုအပ်ဘဲနဲ့ ခြောက်နှစ်ပတ်လုံး ပင်ပန်းကြီးစွာ ဒုက္ကရစရိယ ကျင့်ခဲ့ရတယ်။ ကဿပ မြတ်စွာဘုရား လက်ထက်က ဇောတိပါလ ဆိုတဲ့ ပုဏ္ဏားလုလင်ဖြစ်ခဲ့တဲ့အချိန်မှာ သူက အမျိုးဇာတ်ကို အကြောင်းပြုပြီးတော့ မာန်မာနတွေ တက်ခဲ့တယ်။ ကဿပ မြတ်စွာဘုရားဖြစ်တာနဲ့ ပတ်သက်ပြီး သူက အကျင့်တရားနဲ့ ပတ်သက်ပြီး ပြောခဲ့တယ်။ မာန်မာနတက်ပြီးတော့နော်။ အဲဒါကြောင့်မို့ သူဟာ မလိုအပ်တဲ့ အကျင့်တွေကို သေလောက်အောင် ပြင်းထန်တဲ့ တပ အကျင့်တွေကို ကျင့်ခဲ့ရတာ ဒီ ဝစီဘေဒ ကံကြောင့်။ အဲဒါလည်း အမှားတစ်ခုကြောင့် ဒီလိုဖြစ်ရတာ။

အေး၊ မြတ်စွာဘုရားနဲ့ ပတ်သက်လာလို့ရှိရင် **ပုဗ္ဗကမ္မ ပိလောတိက အပဒါန** ဆိုတာရှိတယ်။ အဲဒီမှာ မြတ်စွာဘုရားလုပ်ရပ်တွေဟာ ဒီဘဝမှာ ဘုရားဖြစ်တဲ့

http://www.dhammadownload.com



ဘဝတင်ပဲ လွှန်ခဲ့တဲ့ ဒီသံသရာခရီးသွားရင်းက အမှား အယွင်းတွေ လုပ်ခဲ့သည့်အတွက်ကြောင့် ခေါင်းကိုက် ရတာရှိတယ်၊ ခါးနာရတာရှိတယ်။ နောက် ဝေရဉ္စာ ပြည်မှာ မုယောဆန်တွေပဲ မြင်းစားတဲ့၊ မြင်းကျွေးတဲ့ မုယောဆန်တွေ စားခဲ့ရတယ်။ နောက်ဆုံးမှာ သွေးဝမ်း သွန်ရတယ်ဆိုတော့ ဒီဒုက္ခသုက္ခတွေ ခံစားရတာဟာ ရှေးက သံသရာခရီးသွားတုန်းက မှားမှားယွင်းယွင်း ပြုလုပ်ခဲ့တဲ့ လုပ်ရပ်တွေကြောင့်ပဲတဲ့။

အေး၊ ဝိသာခါတို့နဲ့ ပတ်သက်လာတဲ့အခါကျ တော့ ဒီလို ကျောင်းအမကြီး ဝိသာခါနဲ့ပတ်သက်ပြီး တော့ မှားယွင်းတယ်ဆိုတဲ့လုပ်ရပ်တွေ မတွေ့ရဘူး၊ ဝိသာခါ ကျောင်းအမကြီးက အင်မတန်ချမ်းသာတယ်၊ မဟာလတာ တန်ဆာကြီးကိုဝတ်ဆင်ရတယ်။ အိုသည် ထိအောင် နုပျိုနေတယ်။ အသက် ၁၂၀ ရှိတယ်၊ သေတဲ့အခါကျတော့ နိမ္မာနရတိ နတ်ဘုံရောက်တယ်။ ဟော၊ သူ့ရဲ့ဇာတ်လမ်းက အကုန်အကောင်းချည်းပဲ။

http://www.dhammadownload.com



သူ မှားမှားယွင်းယွင်း မလုပ်ခဲ့ဘူးဆိုတာ ထင်ရှားတယ် ပေါ့။

အနာထပိဏ် သူဌေးကြီးလဲ မှားယွင်းတဲ့ အနေအထားမျိုး မတွေ့ရဘူး။ မတွေ့ရတော့ သေတဲ့အခါမှာ တုသိတာနတ်ပြည် ရောက်သွားတယ်။ အမှားအယွင်း မရှိဘူး။ အမှားအယွင်းမရှိတဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီးရှိတာပဲ။ ဒါကြောင့် သတိထားပြီးတော့ သံသရာခရီးသွားတဲ့အခါမှာ အမှားအယွင်းတွေ မလုပ်မိစေဖို့ဆိုတာ ဒီဇာတ်လမ်းတွေကို နမူနာယူပြီးတော့ မိမိတို့ဘဝမှာ စိတ်ဆိုး၍ဖြစ်စေ၊ မသိမှုန်းထား၍ ဖြစ်စေ အမှားအယွင်းတွေကို မလုပ်မိအောင် သတိထားပြီး ရှောင်ကြဉ်ကာ ကောင်းတဲ့အမှုများကိုသာ ပြုလုပ်ခြင်းဖြင့် မိမိတို့ သံသရာခရီးသွားတဲ့အခါမှာ ဖြောင့်ဖြောင့်တန်းတန်း သွားဖို့လိုတယ်။ နောက်ဆုံးမှာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုကြရမှာ ဆိုတာကို သတိထားပြီးတော့ ကြိုးစားအားထုတ်နိုင်ကြပါစေကုန် သတည်း။

❖ ❖ ❖ ❖ ❖

http://www.dhammadownload.com

# ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊
မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉